# ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး

## ပဥ္စမနေ့ အစီအစဉ်

## [ ၁၇-၂-၂၀၁၂ ]

## ( သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ပဥ္စမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) မှ အမျိုးသားလွှတ်တော် စာကြည့်တိုက်အတွက် အလှူငွေ လှူဒါန်းခြင်းကို အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ကြေညာခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ဝန်ထမ်းများအား လစာတိုးပေးရန် နှင့် ဌာနဆိုင်ရာတွင် တပ်မတော်မှ ပြောင်းရွှေ့လာသူများအား ခန့်ထားသည့် ပေါ်လစီကို ပြန်လည်သုံးသပ်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **တနင်္သာရီမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် သွားဘက်ဆိုင်ရာဆရာဝန်ကြီးနှင့် သိန်းဒေါ်ကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနတွင် ကျန်းမာရေးမှူးတစ်ဦး ခန့်ထားပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးခင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံများ ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **ပြည်တွင်းဖြစ်ယမကာ/အရက်များ၏ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ/မရှိ နှင့် ဓာတ်ခွဲစမ်းသပ်ခြင်းအား အခါအားလျော်စွာ ဈေးကွက်တွင် ကောက်ယူစစ်ဆေးခြင်းများ** ပြု/မပြု နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ကျောက်ပန်းတောင်းမြို့နယ်၊ ခပေါင်းကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **ရေနံချောင်းမြို့နယ်ဘောလုံးအားကစားကွင်း၊ မိုးလုံလေလုံအားကစားရုံနှင့် ရေကူးကန်၊ တင်းနစ်ကွင်းများ ပြန်လည် အဆင့်မြှင့်တင် ပြုပြင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **မူဆယ်မြို့နယ်တွင် အများပြည်သူဝင်ရောက်ကစားနိုင်သော အားကစားကွင်းတစ်ကွင်း တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **နိုင်ငံခြားသားများ နယ်မြေသွားလာခွင့်အား ကန့်သတ်ထားခြင်းကို ဖြေလျှော့ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ကချင်ပြည်နယ်၊ မိုးညှင်းခရိုင် ရုံးစိုက်ရာ မိုးညှင်းဘူတာအတွက် ရိုးရိုးတန်း၊ အထက်တန်းနှင့် အိပ်စင်ရထား လက်မှတ်စောင်ရေ တိုးမြှင့်ခွင့်ပြုပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **မန္တလေး-မြစ်ကြီးနား မီးရထားစင်းရေ တိုးမြှင့်ပြေးဆွဲနိုင်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူမှုဖူလုံရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း။

၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူမှုဖူလုံရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

(ခ) ဒေါက်တာမြဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

(ဂ) ဒေါက်တာဝင်းမြင့်အောင်၊စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

၉။ **အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ (Intellectual Property Rights) ဥပဒေများဖြစ်သည့် တီထွင်မှု ပိုင်ဆိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းအကောင်အထည်ဖော်ရေးအတွက် ဆောင်ရွက်ရန်** နှင့် စပ်လျဉ်းသည့် အမျိုးသားလွှတ်တော်၊ ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်၏ အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

( ခ ) ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

၁၀။ **၁၉၅၈ ခုနှစ် ၊ ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ နိုင်ငံခြားခုံသမာဓိ ဆုံးဖြတ်ချက်အားအသိအမှတ်ပြုရေးနှင့် ဆုံးဖြတ်ချက်အတိုင်း အတည်ပြုဆောင်ရွက်ရေး ကွန်ဗင်းရှင်းကို နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် လက်ခံရေးကိစ္စနှင့် အဆိုပါကွန်ဗင်းရှင်းကိုလက်ခံပြီးနောက် နိုင်ငံခြားခုံသမာဓိ ဆုံးဖြတ်ချက်အတိုင်း အတည်ပြု ဆောင်ရွက်ရေးဥပဒေကို ပြဋ္ဌာန်းရေး** နှင့် စပ်လျဉ်းသည့် အမျိုးသားလွှတ်တော် ၊ ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်၏ အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

( ခ ) ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

၁၁။ ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **နိုင်ငံအတွင်းရှိ မြို့ပြများနှင့် နီးပြီး ငြိမ်းချမ်းမှု မရှိသော ဒေသများနှင့် ဆက်စပ်လျက်ရှိသော ကျေးရွာများတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်များနှင့် တွေ့ကြုံခံစားနေရသော အခက်အခဲများအား စစ်ကြောင်းကြီးများနှင့် သွားရောက်၍ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များ က ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)

( ခ ) ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

( ဂ ) ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

(ဃ) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

( င ) ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

( စ ) ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

၁၂။ ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **နိုင်ငံတော်တစ်ဝန်းတွင် ယာဉ်မတော်တဆဖြစ်မှုများနှင့် ယာဉ်မတော်တဆမှုကြောင့် လူများထိခိုက်ဒဏ်ရာရသေဆုံးရမှုများ အမှန်တကယ် လျော့နည်းကျဆင်းသွားစေရန်အတွက် သင့်တော်သည့် နှစ်ကာလတစ်ခုကို လျာထားသတ်မှတ်၍ မဖြစ်မနေ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

( ခ ) ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

( ဂ ) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

(ဃ) ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)

( င ) ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

( စ ) ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

၁၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပဥ္စမနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။